ဟို့ကိုင်းဒိုးနှင့် ဟို့ကိုင်းဒိုးဖွံ့ဖြိုးတိုးတက်ရေးဗျူရိုဝဘ်က်ဆိုဒ်မှသတင်းများကိုအခြေခံ၍ပြုလုပ်သည်။

Q မနေ့ညက အိမ်ရှေ့က နှင်းတွေကို ရှင်းလင်းခဲ့ပေမယ့် မနက်ရောက်တော့ နှင်းရှင်းကားက နှင်းတွေကို ချန်ထားခဲ့ပါသည်။ ဘာလို့ သူတို့က ကျွန်တော့်အိမ်ရှေ့မှာ နှင်းတွေကို ထားခဲ့ရတာလဲ?

A ဟို့ကိုင်းဒိုးနှင့်ဒေသခံမြူနီစီပယ်များက ပြုလုပ်သောဆီးနှင်းရှင်းလင်းခြင်းသည်အချိန်အကန့်အသတ်ရှိသောကြောင့် ယေဘူယျအားဖြင့် လမ်းဘေးတစ်ဖက်တစ်ချက်စီသို့နှင်းကို ဖယ်ထုတ်၍ရှင်းလင်းခြင်းဖြစ်သည်။ထို့ကြောင့် ဖယ်ထုတ်လိုက်သော နှင်းများသည် အိမ်ထောင်စုများ၏ အဝင်ပေါက်နှင့် ကားဂိုဒေါင်ရှေ့တွင် စုပုံထားမိကာ ထိုနှင်းကျန်များကို ရှင်းလင်းရန်မှာ အိမ်ထောင်စုများ၏ တာဝန်ဖြစ်သည်။အသေးစိတ်ကို အောက်ဖော်ပြပါ “နှင်းရှင်းလင်းရေးလုပ်ငန်းနှင့် ပတ်သက်၍ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တောင်းဆိုချက်” ကိုလေ့လာကြည့်ပါ။



နှင်းရှင်းလင်းရေးလုပ်ငန်းနှင့်ပတ်သက်၍ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု တောင်းဆိုချက်

	လုံခြုံအဆင်ပြေစွာ အလုပ်နှင့်ကျောင်းသွားလာနိုင်စေရန် မြို့ပြဒေသများတွင် ဆီးနှင်းရှင်းလင်းရေးလုပ်ငန်းကို ညဉ့်နက်ပိုင်းမှ မနက်စောစောအထိ ယာဉ်ကြောပိတ်ဆို့မှုမရှိချိန်အတွင်း ဆောင်ရွက်ပါသည်။ ဆီးနှင်းရှင်းလင်းရေးလုပ်ငန်းအတွင်း တုန်ခါမှုနှင့် ဆူညံသံများ ထွက်ပေါ်လာနိုင်ကြောင်း နားလည်ပေးရန်ပန်ကြားအပ်ပါသည်။
	လမ်းပေါ်တွင် ကားရပ်ခြင်းသည် ဆီးနှင်းရှင်းလင်းရေးလုပ်ငန်းကို အဟန့်အတားဖြစ်စေရုံသာမက လမ်း၏အကျယ်ကို ကျဉ်းစေပြီး မတော်တဆမှုများနှင့် ယာဉ်ကြောပိတ်ဆို့မှုများကို ဖြစ်ပေါ်စေနိုင်သောကြောင့် ရပ်နားခြင်းမပြုပါနှင့်။
	နှင်းရှင်းကားများတွင် ကားပေါ်မှလှမ်းမမြင်နိုင်သောနေရာများစွာရှိပြီး လမ်း၏အလယ်ဗဟိုမျဉ်းအပြင်ဘက်တွင် လည်း နှင်းရှင်းခြင်းရှိသောကြောင့် ၎င်းတို့ထံ ချဉ်းကပ်ခြင်းမပြုရန်တောင်းဆိုအပ်ပါသည်။
	နှင်းများကို လမ်းပေါ်သို့ ထုတ်ပစ်ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်ပြီး ယာဉ်မတော်တဆမှုများနှင့် လမ်းပိတ်ဆို့မှုများ ဖြစ်စေနိုင်သောကြောင့် သင့်အိမ်အတွင်းမှ လမ်းပေါ်သို့ နှင်းများကို ထုတ်ပစ်ခြင်းမပြုပါနှင့်။
	နှင်းရှင်းကား ဖြတ်သွားပြီးနောက်၊ နှင်းများသည် သင့်အိမ်ရှေ့ (ဝင်ပေါက် သို့မဟုတ် ကားဂိုဒေါင်ရှေ့ စသည်) တွင် ကျန်ရှိနေနိုင်သည်။ သင့်အိမ်ရှေ့တွင် ကျန်ရှိနေသော နှင်းများကို ရှင်းလင်းပစ်ရန်ပန်ကြားအပ်ပါသည်။
	မြို့ပြဒေသများရှိ လမ်းဆုံများနှင့် ဆင်ခြေဖုံးရှိ တောင်ကုန်းများပေါ်တွင် သဲပုံးများ ချထားပေးထားပါသည်။ ရေခဲနေသော လမ်းများပေါ်တွင် သဲများ ဖြန့်ကျက်ပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ပါ။
	နှင်းထူထပ်စွာကျခြင်း သို့မဟုတ် နှင်းမုန်တိုင်းများတိုက်ခတ်နေချိန်တွင် မလိုအပ်ဘဲ အပြင်ထွက်ခြင်းမှ ရှောင်ကြဉ်ပါ။

ကိုးကားအချက်အလက်များ

ဆောင်းရာသီနေထိုင်မှုလမ်းညွှန်
https://www.hiecc.or.jp/soudan/info/detail.html?pid=29302952766695